CALHOUN COUNTY, MICHIGAN
JOINT OPERATIONS CENTER
*COVID-19 Unified Response*

# Joint Information Center
**(ပူးတွဲသတင်းအချက်လက်များစင်တာ)**

၂၀၂၁ ခုနှစ်, မေလ ၁၂, ဗုဒ္ဓဟူးနေ့

၂၀၂၁ ခုနှစ်, မေလ ၁၂ ရက်နေ့ ဗုဒ္ဓဟူးနေ့နံနက် ၈ နာရီသတင်းအရ Calhoun ကောင်တီ/ခရိုင်တွင် အတည်ပြုပြီးသော COVID-19 ဖြစ်ပွားမှု စုစုပေါင်း ၁၁,၉၄၀ ဦး နှင့် ဗိုင်းရပ်စ်(virus)ကြောင့် သေဆုံးခဲ့သူ စုစုပေါင်း ၂၄၉ ဦး ရှိကြောင်း Calhoun ကောင်တီ/ခရိုင်ပြည်သူ့ကျန်းမာရေး ဦး စီးဌာန (CCPHD) မှအစီရင်ခံခဲ့ပြီး ဖြစ်သည်? နောက်ဆုံးရသတင်း အသစ် များကို တနင်္လာနေ့မှ သောကြာနေ့အထိ တစ်နေ့တစ်ကြိမ် www.calhouncountymi.gov တွင် တင်ပြလျက် ရှိပါသည်?

**COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်သောအကြောင်းအရာများ**

၂၀၂၁ ခုနှစ်မေလ ၁၂ ရက်နေ့အထိ ပြည်နယ်ကာကွယ်ဆေးဆိုင်ရာdashboardမှဖေါ်ပြချက်အရ ပြည်သူ့ကျန်းမာရေးဌာနမှသာမက အရင်းမြစ်အမျိုးမျိုးမှ Calhoun ကောင်တီ/ခရိုင်တွင်နေထိုင်သူများအား ဆေးပမာဏ ၈၄,၄၈၀ ကို ထိုးပေးခဲ့ပြီးဖြစ်သည် ။

ပြည်သူ့ကျန်းမာရေး ဦး စီးဌာနမှတ်တမ်းအရ Calhoun ကောင်တီ/ခရိုင်တွင် စုစုပေါင်းကာကွယ်ဆေး ထိုးပြီးသား စာရင်းမှာ ပထမဆေးထိုးပြီးသူ ၁၉၇၆၁ ဦး နှင့် ဒုတိယဆေးထိုးပြီးသူ ၁၇,၀၂၉ ဦး ရှိပြီးဖြစ်သည်။ လွန်ခဲ့သောရက်သတ်တစ်ပတ်ဖြစ်သည့် မေလ ၂-၈ ရက်အတွင်း ကာကွယ်ဆေးပမာဏ ၁,၂၇၃ခု အသုံးပြုခဲ့ကြောင်း ပြည်သူ့ကျန်းမာရေး ဦး စီးဌာနမှမှတ်တမ်းတင်ထားသည်။ ကျွန်ုပ်တို့ ပထမကာကွယ်ဆေး ထိုးပြီးသားစာရင်းတွင် CCPHD မှထိုးပေးသော ကာကွယ်ဆေး အမျိုးအစားများဖြစ်သော Pfizer, Moderna or Johnson & Johnson ထဲမှ တစ်ခုခုထိုးပြီးသော သူများအားလုံးပါဝင်သည်။

Calhoun ကောင်တီ/ခရိုင်၏ အစီရင်ခံချက်အရ လူဦးရေစုစုပေါင်း၏ ၄၄.၇ % က Covid-19 ပထမကာကွယ်ဆေး ထိုးပြီး၊ ၃၇% ကဆေးနှစ်မျိုးလုံးထိုးပြီးပြီဖြစ်သည်။ ရည်ရွယ်ချက်မှာ Calhoun ကောင်တီ/ခရိုင် တွင်နေထိုင်သူ ၇၀% ကိုကာကွယ်ဆေးထိုးပေးရန်ဖြစ်သည်။

**Drive-Thru ကာကွယ်ဆေး ရရှိနိုင်သောဆေးခန်းများ**

COVID-19 ကာကွယ်ဆေးထိုးလိုသော မည်သူမဆို ခရိုင်အနှံ့ အခွင့်အလမ်းများစွာရှိ ပြီး အဆင်ပြေစွာမောင်းနှင်ခြင်းဖြင့်ပြုလုပ်နိုင်သည်။ အောက်ဖော်ပြပါဆေးခန်းများမှာ နေထိုင်သူများအတွက်လာမည့် အချိန်၌ဖွင့်လှစ်မည့်ဆေးခန်းများဖြစ်သည်-

- **မေလ ၁၅ရက်၊ စနေနေ့ မနက် ၉ နာရီမှ ၁၂ နာရီအထိ၊** Athens Township Fire Department, 130 E. Burr Oak St., Athens, MI 49011. Moderna ကာကွယ်ဆေး၊ ၁၈ နှစ်နှင့်အထက်။ သင်၏ပထမဆုံးဆေးထိုးရန်အတွက်ချိန်းဆိုမှုများမလိုအပ်ပါ။ Moderna ကာကွယ်ဆေး၏ဒုတိယဆေးကိုဇွန်လ ၁၂ ရက်၊ စနေနေ့တွင်တူညီသော နေရာနှင့်အချိန် ၌ထိုးပေးလိမ့်မည်။ (Drive-thru)
- **မေလ ၂၀ ရက်၊ ကြာသပတေးနေ့ ညနေ၃ နာရီမှ ၆ နာရီအထိ၊** Kellogg Community College, North Parking Lot, 450 North Ave., Battle Creek, MI 49017. Pfizer ကာကွယ်ဆေး၊ ၁၆ နှစ်နှင့်အထက် (အသက် ၁၆ နှစ်နှင့် ၁၇ နှစ်ကြား အတွက် မိဘများ သို့မဟုတ်အုပ်ထိန်းသူပါရှိရမည်)။ ပထမဆေးထိုးရန်ရက်ချိန်းယူရန်မလို၊ Pfizer ကာကွယ်ဆေး၏ ဒုတိယဆေးထိုးမှုကိုဇွန်လ ၁၀ ရက်ကြာသပတေးနေ့တွင် တူညီသောတည်နေရာနှင့် အချိန်၌ပင်ထိုးလိမ့်မည်။ (Drive-Thru)
- **မေလ ၂၅ ရက်၊ အင်္ဂါနေ့ ညနေ၃ နာရီမှ ၆ နာရီအထိ,** Minges Creek Parking Lot, 5700 Beckley Rd, Battle Creek, MI 49015. Pfizer ကာကွယ်ဆေး၊ ၁၆ နှစ်နှင့်အထက် (အသက် ၁၆ နှစ်နှင့် ၁၇ နှစ်ကြား အတွက် မိဘများ သို့မဟုတ်အုပ်ထိန်းသူပါရှိရမည်)။ ပထမဆေးထိုးရန်ရက်ချိန်းယူရန်မလို၊ Pfizer ကာကွယ်ဆေး၏ ဒုတိယ ဆေးထိုးမှုကို ဇွန်လ ၁၅ ရက် အင်္ဂါနေ့တွင် တူညီသောတည်နေရာနှင့်အချိန်၌ပင်ထိုးလိမ့်မည်။ (Drive-thru)



## MI Vacc to Normal Challenge – Michiganက ၅၅ %ရာခိုင်နှုန်း သို့ ရောက်ရှိခဲ့သည်

Michiganders (မီချီဂန်တွင်နေထိုင်သူများ)၅၅% ဟာအနည်းဆုံး COVID-19 ကာကွယ်ဆေးတစ်မျိုးကို လက်ခံရရှိခဲ့ပါတယ်။ MI Vacc to Normal Challenge ဆိုတာ ဘာကို ဆိုလိုတာလဲ? မီချီဂန်သည်မေလ ၁၀ ရက်တနင်္လာနေ့တွင်ကာကွယ်ဆေးမှတ်တိုင် ၄ ခုမှ ပထမဆုံး မှတ်တိုင်သို့ရောက်ရှိခဲ့ပြီး ပထမဆုံးကန့်သတ်ချက်ပြောင်းလဲမှုသည်မေလ ၂၄ ရက် တနင်္လာနေ့တွင်ဖြစ်လိမ့်မည်။ ထိုနေ့ရက်တွင် MIOSHA သည် ပြည်နယ်အတွင်းရှိ စီးပွားရေး လုပ်ငန်းများ အားလုံးအတွက် ကိုယ်ရေးကိုယ်တာအလုပ်ကို ပြန်လည်လုပ်ကိုင်ခွင့်ပြုလိမ့်မည်။ ယခုအချိန်တွင် ဝ န်ထမ်းများအနေဖြင့် လူကိုယ်တိုင်လုပ်ရမှုဖြစ်မည့်အလုပ်မျိုးမှလွဲ၍အဝေးမှအလုပ်လုပ်ရမည်။

ဤ ပြဋ္ဌာန်းထားသောစည်းကမ်းကို ရုတ်သိမ်းလိုက်သောအခါ၊ အိမ်၌အလုပ်လုပ်ကိုင်နေသူအားလုံး ရုံး၌ ပြန်လုပ်ရမည်ဟု မဆိုလိုပါ။ " လိုအပ်ရင်ရုံးမှာပြန်လာလုပ်နိုင်တယ်" "တကယ်လို့များ အဝေးကနေအလုပ်လုပ်ရတာ အောင်မြင်ပြီးအဆင်ပြေတယ်ဆိုရင်တော့ ဝေးတဲ့နေရာတွေမှာနေဖို့ အကြံပေးလိုပါတယ်" ဟု ပြည်သူ့ကျန်းမာရေးဌာနကျန်းမာရေးအရာရှိ Eric Pessell ကပြောကြားခဲ့ပါသည်။

Hybrid WFH Model ပုံစံဆိုသည်မှာအဘယ်နည်း။

Hybrid work-from-home(WFH) အိမ်နှင့်အလုပ်ရုံမှအလုပ်လုပ်ခြင်းပုံစံ သည် ဝန်ထမ်းအချို့အား အဝေးမှအလုပ်လုပ်ခွင့်ပေးပြီး အခြားသူများမှာမူ အလုပ်ရုံ၌သွားလုပ်ကြသည်။ ဤဖွဲ့စည်းပုံတွင် သင့်အဖွဲ့များသို့မဟုတ် ဌာနများကို အဝေးမှအလုပ်လုပ်သူများနှင့် အိမ်တွင်အလုပ်လုပ်သူများအဖွဲ့ ဟူ၍ ခွဲခြားခံရနိုင်သည်။ ၎င်းသည်မေလ ၂၄ ရက်တွင်အလုပ်ပြန်ဆင်းသောအခါ မည်သို့ဆက်လက်လုပ်ကိုင်ရမည်ကို ဆုံးဖြတ်သည့်အခါ၌ သင်အတွက် ရွေးချယ်စရာများစွာထဲက တစ်ခုမျှသာဖြစ်သည်။

ပြည်နယ်သည်ကာကွယ်ဆေးထိုးနှုန်း ၆၀ ရာခိုင်နှုန်းသို့ရောက်ရှိသည်နှင့်တစ်ပြိုင်နက် အားကစားကွင်းများ၊ ပွဲခန်းမများ၊ ကွန်ဖရင့်ညီလာခံစင်တာများနှင့်အသုဘအိမ်များတွင် လူဦးရေကန့်သတ်ချက်သည် ၂၅ ရာခိုင်နှုန်းအထိမြင့်တက်လာမည်ဖြစ်ပြီး စားသောက်ဆိုင်များအတွက်ကန့်သတ်ချက်အမိန့်ရှိတော့မည် မဟုတ်ပါ။ သင့်လျော်သောလူများ၏ ၆၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေး တစ်ကြိမ်ထိုးပြီးနောက် အမိုးအောက်တွင် လူဦးရေကန့်သတ်ချက်အားလုံးကို ဖယ်ရှားပေးလိမ့်မည်၊ ဖြစ်သော်လည်း လူအများနှင့်ခပ်ကွာကွာနေခြင်းဆက်လက်လိုအပ်နေမည်ဖြစ်သည်။

**<u>Michigan Vacc to Normal Tracker (</u>**<u>မီချီဂန် ကာကွယ်ဆေးထိုးခြင်း မှ ပုံမှန်အခြေအနေသို့ ခြေရာခံစစ်ဆေးခြင်း)</u>

### အသက် ၁၂ နှစ်မှ ၁၅ နှစ်အကြား ကလေးများအတွက်COVID -19ကာကွယ်ဆေး

Pfizer COVID-19 ကာကွယ်ဆေးကိုအသက် ၁၂ နှစ်မှ ၁၅ နှစ်အထိ လူငယ်များအတွက်ရနိုင်၊ မရနိုင်ခြင်းနှင့် ပတ်သက်သောတရားဝင်သတင်းကို ကြားရရန်ရက်ပိုင်းသာလိုပါတော့သည်။ အစားအစာနှင့်

ဆေးဝါးစီမံခန့်ခွဲမှုဌာန (FDA) က Pfizer နှင့် BioNTech မှထုတ်လုပ်သော ကာကွယ်ဆေးသည် ဆယ်ကျော်သက်အရွယ် လူငယ်များတွင် ဘေးကင်းလုံခြုံပြီး COVID-19 ရရှိခြင်းမှကာကွယ်ပေးသည်ဟု ဆိုကာ တနင်္လာနေ့တွင်ကာကွယ်ဆေးထိုးရာမှ လက်မှတ်ရေးထိုးခဲ့သည်။ ဆိုလိုသည်မှာ အသက် ၁၂ နှစ်မှ ၁၅ နှစ် အတွင်းကလေးများရှိသော Calhoun ကောင်တီ/ခရိုင်တွင်နေထိုင်သူများသည်သူတို့၏ကလေးများအား COVID-19 ကာကွယ်ဆေးထိုးရန်ဆုံးဖြတ်ချက်ချနိုင်သည်။

သင့်ကလေး COVID-19 ကာကွယ်ဆေးထိုးခံရန် သင့်ကလေးအတွက်စိုးရိမ်မှုရှိပါက၊ ယူနိုက်တက်စတိတ်တွင် အသက် ၁၂-၁၅နှစ်အရွယ် ၂,၂၆၀ ဦး ကာကွယ်ဆေးစမ်းသပ်ခြင်းတွင်ပါဝင်ခဲ့ရာ၊ EUA (အရေးပေါ်အသုံးပြုမှုခွင့်ပြုချက်)အား ၎င်းစမ်းသပ်ချက်၏ရလဒ်ဖြစ်သော ဘေးကင်းလုံခြုံမှုရှိသော အချက်အလက်များအရ အသက်အငယ်ဆုံး ၁၂ နှစ်အရွယ်ဆယ်ကျော်သက်များအထိ သင့်လျော်ကြောင်း ထောက်ခံခဲ့ပါသည်။ ယင်းတို့အနက်ဆယ်ကျော်သက်ပါဝင်သူ ၁၃၁၁ ဦး သည် ကာကွယ်ဆေးကို ရရှိခဲ့ပြီး ၁,၁၂၉ ယောက်သည်ဆားရေဆေးမပါကာကွယ်ဆေး(saline placebo)ကိုရရှိခဲ့သည်။ ဆယ်ကျော်သက်အရွယ်လက်တွေ့စမ်းသပ်မှုတွင်  အများစု အစီရင်ခံခဲ့သည့် ဘေးထွက်ဆိုးကျိုးများမှာ ၁-၃ ရက်ကြာအထိ ဆေးထိုးသည့်နေရာ၌ နာကျင်ခြင်း၊ ပင်ပန်းခြင်း၊ ခေါင်းကိုက်ခြင်း၊ အအေးမိခြင်း၊ ကြွက်သားနာကျင်ခြင်း၊ အဖျားတက်ခြင်းနှင့် အဆစ်အမြစ်များ နာကျင်ခြင်းတို့ဖြစ်သည်။

ကာကွယ်ဆေးထိုးရန်ဆုံးဖြတ်ချက်သည်အချက်များစွာ၏လွှမ်းမိုးမှုခံရသည့်ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြစ်သည်။ သုတေသနများအရ အမေရိကန်ပြည်သူများအနေဖြင့် COVID-19 နှင့်ကာကွယ်ဆေးများအကြောင်း သတင်းအချက်အလက်အတွက် မိမိတို့၏ဆရာဝန်ကိုပိုယုံကြည်ကြသည်။ လူများသည်ကာကွယ်ဆေး၏ လုံခြုံမှုနှင့်ထိရောက်မှုနှင့်ပတ်သက်သော ဘက်မလိုက်သည့်အချက်အလက်များနှင့် ကာကွယ်ဆေးသည် သူတို့အတွက်မှန်ကန်သောရွေးချယ်မှုရှိမရှိနှင့်ပတ်သက်သည့်အချက်အလက်များကို ၎င်းတို့၏ ဆရာဝန်ထံမှ လိုချင်ကြသည်။

**Calhoun ခရိုင် ၏  ကာကွယ်ဆေးကြိုးစားအားထုတ်မှုကို calhouncountymi.gov/covidvaccine တွင် ဆက်လက်ပူးပေါင်းကူညီကြပါစို့ ။**

***

ပူးတွဲစစ်ဆင်ရေးစင်တာဆက်သွယ်ရေးအားလုံးကို လက်ခံရရှိရန်စာရင်းသွင်းပါ။

Calhoun ကောင်တီမှ ကောင်တီစစ်ဆင်ရေးနှင့် Calhoun ကောင်တီရှိ COVID-19 မှ နောက်ဆုံးရသတင်းများအတွက် ကောင်တီဝက်ဘ်ဆိုက် calhouncountymi.gov သို့ဝင်ရောက်ကြည့်ရှုပါ။

Battle Creek မြို့၏နောက်ဆုံးရသတင်းများကို ကျေးဇူးပြု၍ battlecreekmi.gov/coronavirus တွင်ကြည့်ရှုပါ။

ဗိုင်းရပ်စ်နှင့်ပတ်သက်သောမေးခွန်းများ သို့မဟုတ် စိုးရိမ်မှုများရှိသူ မည်သူမဆိုအတွက် ပြည်နယ်၏ COVID-19 Hotline မှ ဆက်သွယ်နိုင်ပါသည်။ Hotline ကို နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိတစ်ပတ်လျှင် ခုနစ်ရက်ဖွင့်သည်။ 1-888-535-6136 ကိုခေါ်ဆိုပါ။ ပြည်နယ် COVID-19 အချက်အလက်များအတွက် michigan.gov/coronavirus သို့သွားရောက်ကြည့်ရှုပါ။

သတင်းအချက်အလက်အတွက်ဆက်သွယ်ရန်

Lucy Blair, Calhoun County Communications Manager(ခရိုင်ဆက်သွယ်ရေး မန်နေဂျာ)
269-781-0926, lblair@calhouncountymi.gov

Victor Jovanovich, Public Health Department Communications Specialist (ပြည်သူ့ကျန်းမာရေး ဦးစီးဌာနဆက်သွယ်ရေးအထူးကု)
269-969-6341, vjovanovich@calhouncountymi.gov

Jessica Vanderkolk, City of Battle Creek Communications Manager (Battle Creek မြို့တော်ဆက်သွယ်ရေး မန်နေဂျာ)
269-966-3378, jlvanderkolk@battlecreekmi.gov